သင်တောကျေးရွာ

မော်နိုင်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သင်တောကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ကနဖော့ ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုဖြို့နယ်	၇
ကနဖော့ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ဝန်းသိုဖြို့နယ်	၈
အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်	
(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ	
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား	၁၀
(ခ) သဘာဝအရင်းအမြစ်များ	၁၀
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	
(က) လူဦးရေဆိုင်ရာ အချက်အလက်များ	၁၁
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၁၃
(င) ကျန်းမာရေးနှင့် အာဟာရ	၁၄
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	၁၄
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ	
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	၁၅
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	၁၅
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၁၇
(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၈
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက်	၁၉
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း	၁၉
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု	၁၉

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၂၁
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၂
(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်
ကျသော ချိတ်ဆက်မှုများ ၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
(ဂ) ဦးစားပေး စီမံချက်များ ၂၇
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၂
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၂
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၂
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၃
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၃
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၆

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၇
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၄၂
ရည်ညွှန်းချက်များ ၄၃
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယာဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၄၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထု

ကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သင်တောကျေးရွာ

မော်နိုင်ကျေးရွာအုပ်စု




ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစာအုပ်ပြုစုရေးသားသူ

ဒေါ်မေဦးအောင်(အကြီးတန်းစာရေး)

သင်တောကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- သင်တောကျေးရွာအရင်းအမြစ်ပြမြေပုံ - သင်တောကျေးရွာ၊ မော်နိုင်းကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)

လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	ဗန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹												
												
												
	-	-	ပျိုးကြဲ	စပါးစိုက်	စပါးစိုက်	နှမ်းစိုက်	-	-	စပါးဂိုတ်	စပါးသိမ်း	နှမ်းသိမ်း	-
												
	ရေနဲ့	ရေနဲ့	အာသင်္ဘာ	ရေမျှား	ရေမျှား	ရေမျှား	ရေမျှား	ရေမျှား	အာသင်္ဘာ	အာသင်္ဘာ	အာသင်္ဘာ	ရေနဲ့
	ကသီယျား	-	ငွက်ယျား	တဉ်းကွေး	ငွက်ယျား	-	-	ကသီယျား	-	-	ရေကြောက်	ကသီယျား
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	-	-	အကြွေစိမ်ပတ်	-	ဂျက်ပြုပိုး	အညှစ်ပတ်ပိုး	သီးလုံးဖောက်	အဖွဲ့နုပြုတ်	-	-	-	-
	သင်္ကြန်နွေ	-	-	ဘကြီးကပ်	-	-	မြီးတွန့်ပွဲ	ကထိန်ပွဲ	-	-	ပဒုမ္မာမီးပွဲ	-
သဘာဝ ဘေးအန္တရာယ်	-	လေတိုက်	လေတိုက်	မိုးကြိုး	-	-	-	-	-	-	-	-

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင် ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှု များ ပြုလာနိုင်ပါမည်။

(ခ) စိမ်ကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စိမ်ကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား။ ။သင်တောကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ဝန်းသိုမြို့နယ်မော်နိုင်းကျေးရွာအုပ်စုအတွင်းတည်ရှိပါသည်။အကျယ်အဝန်း မှာစတုရန်းမိုင်၉ရိယာ၁၂.၃၂ရှိပါသည။ဝန်းသိုမြို့၏အရှေ့မြောက်ဘက်တွင်တည်ရှိပြီး၊အိမ်ထောင်စု ပေါင်းဖြ၊လူဦးရေကျား၁၅၁ဦး၊မ၁ဖြဦးစုစုပေါင်းလူဦးရေ၃၂၀နေထိုင်ကြပါသည်။ရွာ၏အရှေ့ဘက် တွင်နောင်ကွင်းကျေးရွာ၊နှင့်လယ်ကွင်းများ၊လယ်သွင်းမြောင်း၊တဖက်ပိတ်ဆည်အဟောင်း၊စမ်း ချောင်း၊အနောက်ဖက်တွင်စကားနီကျေးရွာနှင့်လယ်ကွင်းများနောင်ကွင်းနှင့်သင်တောကြားတွင် တောတန်း၊နွားစားကျက်၊ရွာ၏အလယ်တွင်နေအိမ်များ၊ဘုန်းတော်ကြီးကျောင်းနှင့်ကျေးရွာမူလတန်း ကျောင်း၊ထရန်စဖော်မာ၊စိုက်ပျိုးရေအတွက်မြေသားရေကန်၊အရှေ့နှင့်အနောက်သွယ်တန်းထားသော သင်တောပန်းညိုစကားကျေးရွာတို့ဆက်သွယ်ထားသောရွာချင်းဆက်လမ်း၊မြောက်ဘက်တွင်လယ် ကွင်းများ၊နှင့်မန်ကျည်းကျေးရွာ၊တောင်ဘက်တွင်လယ်ကွင်းများတည်ရှိပါသည်။သင်တောကျေးရွာ သည်မော်နိုင်းကျေးရွာအုပ်စုတွင်စေ့းသစ်ကျေးရွာ၊မော်နိုင်းကျေးရွာ၊အင်ပင်ကျေးရွာ၊မှန်ကန်ကျေး ရွာ ဘင်္ကျေးရွာ၊ရွာသာယာကျေးရွာ၊သင်တောကျေးရွာ၊နောင်ကွင်းကျေးရွာဟူ၍(၈)ရွာတစ်အုပ်စုအဖြစ် တည်ရှိပါသည်။

ရာသီဥတု။ ။စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ကိုင်ရန်သင့်တင့်မျှတသောရာသီဥတုရှိပါသည်။

မြေမျက်နှာသွင်ပြင်။ ။သင်တောကျေးရွာသည်မြေလတ်ပိုင်းတွင်တည်ရှိ၍မြေပြန့်တွင်တည် ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။သင်တောကျေးရွာတွင်၊သတ္တုနှင့်အခြားတွင်းထွက်သယံ ဇာတများမရှိပါ။ကျောက်၊သဲ၊ကျောက်စရစ်များမရှိပါ ။သဘာဝအပင်မျိုးစိတ်များ၊နွားစာ၊ ဆေးဘက် ဝင်အပင်များတွင်ဆေးခါးကြီးပင်၊ဆင်တုန်းမန္တယ်ပင်၊ဝံအူမြစ်၊ဖန်းခါသီးပင်၊ဇီးဖြူပင်၊သက်ရင်းကြီး၊ သကြားလန်ဒန်(လောက်သေပင်)ကုံခါးစသည်တို့ကိုတွေ့ရှိနိုင်ပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ် များတွင်ယုန်၊ခါတောကြက်၊ဖွတ်၊ပဒတ်၊ငှက်များတွင်ဂျိုး၊ဥသြ၊စာကလေးဗျိုင်းစသောငှက်များကို တွေ့ရှိရပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ကျေးရွာတွင် နေထိုင်သူများတွင် ၁နှစ်အောက် နို့စို့အရွယ်ကျား၄ယောက်၊မ၂ယောက်ပေါင်း၆ယောက်ရှိပါသည်။၁နှစ်မှ၅နှစ်အောက်ကလေးငယ်ကျား ၉ယောက်၊မ၇ယောက်ပေါင်း၁၆ယောက်ရှိပါသည်။၅နှစ်မှ၁၀နှစ်ထိမူလတန်းကျောင်းသား အရွယ် ကျား ၁၀ ယောက်၊မ ၁၇ ယောက် ရှိပါသည်။ ၁၀နှစ်မှ၁၅နှစ်အလယ်တန်းကျောင်းသားအရွယ် ကျား

၁၂၊ မ ၁၃ ယောက်ပေါင်း ၂၅ယောက်ရှိပါသည်။၁၅နှစ်မှ၆၅နှစ်အရွယ်အလုပ်လုပ်နိုင်သည့် ကျား၁၁၃ ။မ၁၂၃ယောက်၊ပေါင်း ၂၃၆ရှိပါသည်။၆၅နှစ်နှင့်အထက်သက်ကြီးရွယ်အိုကျား၃၊မ၇ယောက်၊ပေါင်း၁၀ ယောက်ရှိပါသည်။စုစုပေါင်းကျား၁၅၁၊မ၁၆၉ယောက်၊ရှိပြီးစုစုပေါင်း၃၂၀ယောက်နေထိုင်ကြပါသည်။ အိမ်ခြေစုစုပေါင်း၆၀ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။

စီးပွါးရေးအခြေအနေနှင့်ဝင်ငွေ။ ။သင်တောကျေးရွာသည်စိုက်ပျိုးကိုအဓိကထားလုပ် ကိုင်ပြီးမွေးမြူရေးလုပ်ငန်းကိုတပိုင်တနိုင်တွဲဘက်လုပ်ကိုင်မှုကြောင့်စား၀တ်နေရေးဖူလုံသောအဆင့် တွင်ရှိပါသည်။စိုက်ပျိုးရေးလုပ်ငန်းမှာမိုးရေကိုသာအားထားပြီးတစ်သီးစားအခြေအနေဖြစ်သဖြင့် ဆည်၊မြောင်းများပြုလုပ်၍တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်လျှင်ဖြင့်ဝင်ငွေတိုးတက်လာနိုင်ပါသည်။ အခြားနေရာမြို့ရွာများဝင်ငွေရနိုင်သော၊အလုပ်အကိုင်ရနိုင်သောနေရာများရွှေတွင်နန်းခမ်းကျောက် ပါးစပ်၊ ဖားကန့်၊ လမ်းခင်းကျောက်ထုတ်လုပ်သော ကျောက်ကျင်း၊ မြစ်ကြီးနားရှိငှက်ပျောဒိုင်း စ သဖြင့်သွားလာလုပ်ကိုင်ကြပါ သည်။အခြားနေရာမြို့ရွာများသို့သွားရောက်လုပ်ကိုင်သောအိမ်ထော င်စု၂၈အိမ်ရှိပါသည်။ကျား၁၆ဦး၊မ၁၂၊ပေါင်း ၂၈ဦးရှိပြီး၊အလုပ်အကိုင်အခွင့်အလမ်းမရှိသောကြောင့်ဝင် ငွေရနိုင်သောနေရာများသို့သွာရောက်လုပ်ကိုင်ကြပါသည်။အခြားနေရာများသို့သွားရောက်လုပ်ကိုင် ကြသူများအားလုံးပြည်တွင်း၌သာသွာလာလုပ်ကိုင်ကြသည်ကိုတွေ့ရှိရပါသည်။မြေပိုင်ယာပိုင်မရှိသူ များသည်စပါးရိတ်၊ကောက်စိုက်၊ပျိုးနုတ်၊အခြားကျပန်း၊ကြံုရာကျပန်းရရာအလုပ်များလုပ်ကိုင်ခြင်း ဖြင့်အသက်မွေးကြပါသည်။၀မ်းစာဖူလုံမှုအခြေအနေမှာ၃လနှင့်ဖြလကြား၀မ်းစာဖူလုံသောအိမ် ထောင်စု(၁၅)အိမ်ရှိပါသည်။ဖြလနှင့်၁၂လအကြား၀မ်းစာဖူလုံသောအိမ်ထောင်စု(၈)အိမ်ရှိပါသည်။ထို အိမ်များသည်မိဘ၊ဆွေမျိုး၊အသိမိတ်ဆွေများထံမှအထောက်အပံ့ယူခြင်း၊ချေးယူခြင်းအလုပ်ရှင်ထံမှ လုပ်အားခကြိုယူခြင်းများတို့ဖြင့်ဖြေရှင်းကြပါသည်။ရရှိလာသောငွေများကိုစားသုံးရန်၊ကျန်းမာရေး၊ပ ညာရေး၊အ၀တ်အထည်နေစရာအခြားပစ္စည်းများ၀ယ်ကြသည်ကိုတွေ့ရှိရပါသည်။လယ်ယာစိုက်ပျိုး ရေးတွင်ကောက်စိုက်ခြင်း၊ပျိုးနှုတ်ခြင်းလုပ်ငန်းများလုပ်ငန်းများတွင်နေ့စား (ကျား–၄၀၀၀ကျပ်၊မ– ၃၀၀၀ကျပ်နှုန်းဖြင့်ငှားရမ်းရပြီးပုတ်ပြတ်အများဆုံးကျား၅၀၀၀၊မ၃၅၀၀ခန့်ရရှိပါသည်။အခြားလုပ် ငန်းလုပ်ကိုင်သူမရှိပါ။အလုပ်အကိုင်အခွင့်အလမ်းမရှိသလောက်ရှားပါးပါသည်။ကျားနှင့်မလုပ်အားခ ကွာဟမှုမမြင့်ဟုထင်မြင်သုံးသပ်မိပါသည်။

ပိုင်ဆိုင်မှုနှင့်မမျှတမှု။ ။ဤရွာရှိလယ်မြေများသည် ၅၀.၃၅ကေနှင်ယာမြေ၊တောင်ယာမြေ ၇ကေ၊စာကျက်မြေ၃ကေရှိပြီး၊မြေဆီလွှာအရည်အသွေးမှာအသင့်အတင့်တောင်းမွန်ပါသည်။မိုးရေခံ လယ်များဖြစ်၍မိုးရာသီကာလများတွင်သာစိုက်ပျိုးရသည့်တစ်သီးစားလယ်များဖြစ်ပါသည်။ဤရွာ

တွင်အဆင်ပြေအိမ်ထောင်စု(၇)အိမ်သာရှိပြီး၊အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၃)အိမ်၊မပြေလည်သောအိမ်ထောင်စု(၂၀)နှင့်အဆင်မပြေသောအိမ်ထောင်စု(၂၁)အိမ်ရှိပါသည်။

(၈)ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ဤရွာတွင်၃လနှင့်ဖိလကြားဝမ်းစာဖူလုံမှု(၁၅)အိမ်၊ဖိလနှင့်၁၂လအကြားဝမ်းစာဖူလုံသောအိမ်ထောင်စု(၈)အိမ်ရှိပါသည်။ထိုအိမ်များသည် လယ်ယာမြေပိုင်ဆိုင်မှုမရှိသဖြင့်ဝင်ငွေရသောမည်သည်အလုပ်မဆိုကြုံရာကျပန်းလုပ်ကိုင်၍အသက်မွေးရပါသည်။ဤအိမ်များသည်ချေးငွေများယူခြင်း၊မိဘ၊ဆွေမျိုး၊မိတ်ဆွေများထံမှချေးယူကြပါသည်။ မိဘဆွေမျိုးများထံမှအထောက်အပံ့ယူခြင်း၊အလုပ်ရှင်ထံမှလုပ်ခကြိုယူခြင်းတို့ဖြင့်စားဝတ်နေရေးအတွက်ဖြေရှင်းကြပါသည်။ချေးငွေများကိုစားသုံးရန်၊ကျန်းမာရေး၊ပညာရေး၊အခြားပစ္စည်းများဝယ်ယူရန်၊စသည့်နေရာများတွင်အသုံးပြုကြပါသည်။ဝင်ငွေရသောအလုပ်အကိုင်ရရှိနိုင်သောနေရာများသို့သွာရောက်လုပ်ကိုင်သောအိမ်ထောင်စု(၂၈)အိမ်ရှိပါသည်။အမျိုးသားဒဖဦးအမျိုးသမီး၁၂စုစုပေါင်း၂၈ဦးရှိပါသည်။ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင်ရေကြီးခြင်း၊မိုးခေါင်ခြင်း၊အအေးလွန်ကဲခြင်း၊ငလျှင်လှုပ်ခြင်း၊မြေဆီလွှာပျက်ယွင်းခြင်း၊ထင်းခုတ်ခြင်း၊မီးသွေးဖုတ်ခြင်းတို့ကြောင့်သစ်တောပြုန်တီးခြင်း၊ငှက်ဖျားရောဂါတိရိစ္ဆာန်ကူးစက်ရောဂါကျရောက်ခြင်းစသည်များအနည်ငယ်ဖြစ်ပွါးပါသည်။

ထိခိုက်နစ်နာလွယ်မှု။ ။လယ်မြေများမကောင်းခြင်း၊စိုက်ပျိုးရေမလုံလောက်ခြင်း၊ဖျက်ပိုးများကျခြင်းတို့ကြောင့်စပါးအထွက်နှုန်းများလျော့ကျသဖြင့်ဝမ်းစာမဖူလုံသောအခြေအနေရှိပါသည်။ ထိခိုက်လွယ်မှုအခြေအနေအလယ်အလတ်အဆင့်ရှိပါသည်။စိုက်ပျိုးရေကိုဒေါင်းမြူးချောင်မှရေလွှဲမြောင်းဖြင့်သွယ်ဘူကာရေသွင်းစိုက်ပျိုးဧကာဝဝရှိပါသည်။မိုးရေခံလယ်များလည်းရှိပါသည်။မိုးရေကိုသာအားထားနေရပါ သည်။လက်လုပ်လက်စားကျပန်းများ၏ထိခိုက်သက်ရောက်လွယ်မှုမှာအ လုပ်အကိုင်အခွင့်အလမ်းနဲပါးသောကြောင့်မြင့်ပါသည်။အသက်မွေးဝမ်းကျောင်းနည်းပညာတတ်မြောက်သူမရှိခြင်းတို့ကြောင့်ဖွံ့ဖြိုးမှုအားနည်းလှပါသည်။

(၂)(ဃ) ပညာရေး။ ။သင်တောကျေးရွာတွင်စာမတတ်သူကျား၂၊မ၅ပေါင်း၇ဦးရှိပြီး၊ မူလတန်းအဆင့်ရှိ သူကျား၇၁၊ မ ၉၇ ၊ယောက်ပေါင်း၁၆၈၊ယောက်ရှိပြီး၊ အလယ်တန်းအအဆင့်ရှိသူကျား၂၉ ယောက်၊မ ၁၉ ယောက်ပေါင်း ၄၈ ယောက် ရှိပါသည်။အထက်တန်းအဆင့်ရှိသူ ကျား- ၁၈ ၊ မ-၁၁ပေါင်း၂၉ယောက်၊တက္ကသိုလ်၊ကောလိပ်တန်းအဆင့်ရှိသူကျား-၁၈၊မ-၂၈ယောက်ပေါင်း ၄၆ ယောက်ရှိပါသည်။ရွာမူဘတန်းကျောင်းမှအောင်လျှင်ရွာနှင့်၁မိုင်အကွာစက်ဘီးနှင့်သွားလျှင်၃၀မိနစ်ခန့်သွားရသည့်ကျိုးထောင်ကျေးရွာရွာအ.ထ.ကသို့သွားရောက်ပညာသင်ယူကြပါသည်။လက်ရှိပညာသင်ကြားသူမူလတန်းကျား-၁၃၊မ-၁၉ပေါင်း၃၂ယောက်၊အလယ်တန်းအဆင့်ကျား-၈ယောက်၊မ၁၀-ယောက်ပေါင်း၁၈-ယောက်။အထက်တန်းကျား-၆၊မ-၇ပေါင်း-၁၃၊တက္ကသိုလ်၊ကောလိပ်အဆင့်ကျား-

၁၃ယောက်၊မေ-၁၅ယောက်ရှိပါသည်။ဤရွာတွင်ကျွမ်းကျင်မှုများအနေဖြင့်စိုက်ပျိုးရေးဖြင့်အသက်မွေးဝမ်းကြောင်းပြုသူ တောင်သူပညာအသင့်အတင့်တတ်မြောက် ကျွမ်းကျင်ကြပါသည်။

(၂)(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ဤရွာတွင် ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုတ်ကွေးရောဂါ၊ငှက်ဖျားရောဂါနှင့် သွေတိုးရောဂါများစသည်တို့ဖြစ်ပွါးပြီးဖြစ်ပွါးမှုအခြေအနေသာမာန်အဆင့်ဖြစ်ပါသည်။ကျန်ရောဂါများမှာဖြစ်ပွားမှုနည်း၍အာဟာရချို့တဲ့မှုမရှိပါ။ဤရွာရှိကိုယ်ဝန်ဆောင်အမျိုးသမီးများ၊မွေးကင်းစကလေးငယ်များကျန်းမာရေးကိုဂျိုးတောင်တိုက်နယ်ဆေးရုံသို့သွားရောက် ထိုးနှံကြပါသည်။အာဟာရပညာပေးအစီအစဉ်မရှိပါ။ရွာသူ/ရွာသားများကျန်းမာရေး၊ဖျားနာလျှင်ဂျိုးတောင်တိုက်နယ်ဆေးရုံသို့လည်ကောင်း၊ရွာနှင့်၅မိုင်ခန့်ဝေးသောဝန်းသိုမြို့ပေါ်ဆေးရုံသို့လည်းကောင်း၊ဆေးခန်းများသို့သွားရောက်ကုသမှုခံယူကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ကျွန်တော်တို့ရွာတွင်အမျိုးသမီးများကျေးရွာ၏စီမံအုပ်ချုပ်မှုတွင်ပါဝင်မှုမရှိပါ။အမျိုးသမီများသည်သာရေး/နာရေး/ဘာသာရေးကိစ္စရပ်များတွင်ချက်ပြုတ်ဧည့်ခံကျွေးမွေးခြင်းလုပ်ငန်းများ၌တက်ကြွစွာပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။အမျိုးသမီးများသည်သံသယဖြစ်ဖွယ်အကြမ်းဖက်မှုများမတွေ့ရှိရပါ။ရွာရှိအမျိုးသမီးများသည်ထမင်းချက်၊အဝတ်လျှော်နှင့်စိုက်ပျိုးရာသီတွင်ကောက်စိုက်၊စပါးရိတ်၊စပါးလှမ်း၊စပါစက်ကြိတ်ခြင်း၊ကလေးထိန်း/မိမိ၏သားသမီးများကိုရင်အုပ်မကွာထိန်ကျောင်းခြင်း၊အိမ်ထောင်မှုထိမ်းသိမ်းခြင်းစသည်တို့ဖြင့်လုံးခြာလည်နေပြီးအားလပ်သည်ဟူ၍မရှိပါ။အနည်းငယ်အားလပ်သောအချိန်ကလေးများကိုစာပေဗဟုသုတအသိပညာရစေရန်ရှာမှီးရကောင်းမှန်းမသိကြပါ။အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက်ဥ ပဒေနှင့်တရားမျှတမှုဆိုင်ရာလူထု၏အသိအမြင်ရှိမှုအတန်အသင့်ရှိသည်ဟုလေ့လာတွေ့ရှိရပါ သည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ်အကောင်အထည်ဖော်ရာတွင်ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ သင်တောကျေးရွာတွင်စာသင်ကျောင်းကော်မတီ၊အဖွဲ့ရှိပြီးကျေးရွာ၏ပညာရေးအတွက်လိုအပ်သည်များကိုလုပ်ကိုင်ဆောင်ရွက်ကြပါသည်။လုပ်ဆောင်ချက်ကောင်ပါသည်။မီးကော်မတီအဖွဲ့သည်ကျေးရွာမီးလင်းရေးအတွက်ရံပုံငွေများကောက်ခံစုဆောင်းခြင်း၊လျှပ်စစ်မီးရရှိရန်အားထုတ်ခြင်းတိုလုပ်ကိုင်ဆောင်ရွက်ပါသည်။လုပ်ဆောင်ချက်ကောင်းမွန်ပါသည်။ဆည်မြောင်းကော်မတီအဖွဲ့ရှိပြီးစိုက်ပျိုးရေရရှိရန်နမ့်ဆန်ကျယ်ချောင်းမှရေကိုဆည်တာတာမံလုပ်၍မရေလွှဲမြောင်းဖြင့်သွယ်ယူစိုက်ပျိုးကြသောကြောင့်ဆည်မြောင်းကော်မတီထားရှိပါသည်။လုပ်ဆောင်ချက်ကောင်းမွန်ပါသည်။

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။သင်တောကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာအ
သင့်အတင့်ရှိပါသည်။လယ်မြေဧရိယာ၂၅၀.၃၅၊ဧကဥယျာဉ်ခြံမြေ၇ဧက၊စားကျက်မြေ၃ဧကရှိသည်
ကိုလေ့လာတွေ့ရှိရပါသည်။တောင်သူ(၂)ဦးသာ(၁၂)ဧကအများဆုံးလယ်မြေပိုင်ဆိုင်သည်ကိုတွေ့ရပါ
သည်။လယ်မြေ(၉၊၈၊၇)ဧကပိုင်ဆိုင်သူ(၇)ဦးရှိပြီးလယ်မြေဧက(၂)ဧကအနည်းဆုံးပိုင်ဆိုင်ကြပြီးမြေ
ယာမဲ့ဆင်းရဲသားတောင်သူ(၂)ဦးရှိပါသည်။စုစုပေါင်းအိမ်ခြေ(၆၀)အိမ်ရှိပါ သည်။ကျေးရွာ၏ရေအ
ရင်းအမြစ်မှာလယ်သွင်းမြောင်းများရှိသလိုမိုးရေကိုသာအားထားရသောမိုးရေခံလယ်များလည်းရှိပါ
သည်။ဒေါင်းမြူးချောင်းနှင့်ဝေးကွာသောကြောင့်ချောင်းမှရေလွှဲဆည်ပြုလုပ်ထားသည့်နမ့်ဆန်ကျယ်
ချောင်းမှရေကိုဆည်တာတမံလုပ်၍မရေလွှဲမြောင်းဖြင့်သွယ်ယူစိုက်ပျိုးကြသောကြောင့်ဆည်မှရေလွှဲ
မြောင်းဖြင့်သော်လည်းမိုးရာသီတွင်သာရေရရှိပြီးစိုက်ပျိုးရေမလုံလောက်ခြင်းတို့ကြောင့်စိုက်ပျိုးရာ
တွင်အခက်အခဲများရှိပါသည်။ရွာ၏လယ်မြေများသည်လယ်မြေဧက၁၈၅.၅၀ဧကရှိပြီးမြေဆီလွှာအ
ရည်အသွေးမှာအသင့်အတင့်ရှိပါသည်။လယ်မြေများ၏မြေဆီလွှာအရည်အသွေးများသည်ရွှံ့စေးမြေ
ဆန်သောမြေဖြစ်ပြီးစိုက်ပျိုးချိန်ရောက်လျှင်ပတ်ကြားအက်နေသောမြေများသည်မိုးရေစိမ့်ဝင်မှုမလုံ
လောက်သေးသဖြင့်စိုက်ပျိုးချိန်နောက်ကျခြင်းများကြုံတွေ့နေရပါသည်။စပါးမှည့်ချိန်တွင်လယ်မြေ
များသည်စိမ့်ပေါက်၍ရေမခမ်းနိုင်သောပြဿနာများနှင့်ကြုံတွေ့နေရပါသည်။ထို့ပြင်ပင်စည်၊အရွက်၊
အနှံများသည်အဝါရောင်ပြောင်းသွားပြီးအဖြူရောင်ပြပိုးများကျ၍အပင်များသေကြပါသည်။ချပ်မြေ
ခေါ်မြေဖြူသည်ထွန်ရခက်သည့်အပြင်မြေစိုင်ခဲကြီးပြီးမြေဆီမရှိသဖြင့်သီးနှံထွက်နှုံးနည်းပါသည်။သီး
နှံဖျက်ပိုးများတွင်ဖြုတ်ပိုးများကျခြင်းရွက်စားပိုး၊ဆစ်ပိုးပိုးနှင့်အခြားပိုးမွှားများကျရောက်သဖြင့်သီးနှံ
ထွက်နှုံးများလျော့ကျခြင်း၊သီးနှံများအရည်အသွေးနိမ့်ကျခြင်းစသောအခက်အခဲများရင်ဆိုင်ကြုံတွေ့
နေရပါသည်။စိုက်ပျိုးရေးနည်းပညာ၊ပိုးသတ်ဆေးသုံးစွဲနည်းပညာအကူအညီများလိုအပ်နေပါသည်။
သောက်ရေသုံးရေများကိုရေတွင်း(၃၁)တွင်းကိုသာအဓိကထားအသုံးပြုကြပါသည်။နွေရာသီတွင်
သောက်သုံးရေတွင်းများခမ်းသဖြင့်စက်ရေတွင်းတစ်ခုတူးထားပါသည်။ရေစုကန်တစ်ခုတည်ဆောက်ပြ
ီးစက်ရေတွင်းမှရေစုကန်ထဲသို့ရေတင်ပြီးတစ်ရွာလုံအိမ်တိုင်ရာရောက်ရေသွယ်စနစ်ပြုရန်လျှထား
ပါသည်။။ရွာ၏အဓိကစိုက်ပျိုးသောသီးနှံမှာစပါးဖြစ်ပြီးနှမ်းသီးနှံကိုတစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်
။စပါးစိုက်ရာသီတွင်ရာသီဥတုဖောက်ပြန်မှုကြောင့်စပါး၊နှမ်းအထွက်နှုန်းများလျော့ကျပါသည်။စိုက်
ပျိုးရေးနည်းပညာအသိမရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။စိုက်ပျိုးရေးနည်းပညာအသိပညာအကူအညီ
များလိုအပ်နေပါသည်။ဤရွာ၏လယ်ယာလုပ်ကိုင်ရာတွင်ကိုယ်ပိုင်ကျွဲ၊နွားများကိုအသုံးပြုကြပါ
သည်။ရွာတွင်လက်တွန်းထွန်စက်(၁၀)စီး၊ခွေလှေ့စက်(၁)စီးရေစုပ်စက်(၁)လုံရှိရာစက်ရှိသူများထံမှ
အခကြေးငွေနှင့်ငှါးရမ်းကြပါသည်။လက်တွန်းထွန်စက်နှင့်ရိတ်သိမ်းခွေလှေ့စက်များကိုလူအနည်းစု
သာငှါးရန်းအသုံးပြုနိုင်ကြပါသည်။အရစ်ကျစနစ်ရှိသော်လည်းလူအချို့သာဝယ်ယူနိုင်ကြပါသည်။
ကျွဲ၊နွားများကိုသာအဓိကအားထားအသုံးပြုကြပသည်။စိုက်ပျိုးရန်သင့်တင့်မျှတသောရာသီဥတုရှိပါ

သည်။လယ်ယာမြေအသုံးချနိုင်မှုနှင့်စိုက်ပျိုးရေးအရင်းအမြစ်မှာအသင့်အတင့်ရှိပါသည်။ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုတွင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ပေးသောဝန်ဆောင်မှုသာရှိပါသည်။ သဘာဝန္တရာယ်ချေးမြေဆွေးနှင့်အော်ဂင်းနစ်မြေဩဇာများလည်းအနည်းငယ်ရှိပါ သည်။ပိုးသတ်ဆေး များကိုလည်းဝယ်ယူနိုင်ပါသည်။သို့သော်ပိုးသတ်ဆေးများကိုမည်သို့သုံးစွဲရမည်ကိုတတ်ကြွမ်းနား လည်သူနဲပါသည်။စားကျက်မြေများအသင့်အတင့်ရှိ၍အိမ်ခြံဝင်းမြေအနေအထားအသင့်အတင့်ရှိပါ သည်။လမ်းပန်းဆက်သွယ်ရေး၊စိုက်ပျိုးရေးနည်းပညာ၊ငွေကြေးဝန်ဆောင်မှုနှင့်နွေရာသီအထိရေသို လှောင်ထားနိုင်သောတာတံမံများရှိပါကစီးပွားရေးအဆင်ပြေသောရွာတစ်ရွာဖြစ်လာနိုင်ပါသည်။နှစ် စဉ်မိုးဦးနောက်ကျခြင်း၊မိုးလယ်ခေါင်ခြင်း၊မိုးနှောင်းစပါးရိတ်သိမ်းချိန်တွင်မိုးများခြင်းတို့ကိုခံစားရပါ သည်။သီးနှံမျိုးစေ့များရရှိနိုင်သော်လည်းလမ်းပန်းဆက်သွယ်ရေးကွာဝေးခြင်း၊ခက်ခဲခြင်း၊လက်လှမ်း မမီခြင်း၊ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့်မိမိတို့စိုက်ပျိုးရရှိလာသောစပါးများကိုသာမျိုးစပါးအဖြစ် စိုက်ပျိုးကြသောကြောင့်အထွက်နှုန်းလျော့ကျခြင်း၊ဈေးကောင်းမရခြင်းများကြုံတွေ့နေရပါသည်။ဓါ တုပိုးသတ်ဆေး၊ဓါတ်မြေဩဇာသုံးစွဲရန်အသိပညာအားနည်ခြင်းများရင်ဆိုင်နေရပါသည်။သီးနှံထွက် ကုန်များရောင်းချရာတွင်လမ်းပန်းဆက်ရေးမကောင်းခြင်း၊လမ်းခရီးဝေးကွာခြင်းကြောင့်အချိန်မှီမ ရောက်နိုင်ဈေးကောင်းမရနိုင်ပါ။ကျွန်တော်တို့ရွာတွင်မွေးမြူရေးလုပ်ငန်းများကိုတပိုင်တနိုင်သာမွေး မြူကြပါသည်။ကျွဲ၊နွား၊များကိုလယ်ယာလုပ်ငန်းများတွင်ခိုင်းစေရန်အတွက်သာမွေးကြပါသည်။ ကြက်၊ဝက်၊များကိုလည်းတပိုင်တနိုင်မွေးမြူကြပါသည်။ကျွန်တော်တို့ရွာတွင်စားကျက်မြေ၃ကရှိပါ။ မွေးမြူရေးကိုလုပ်ကိုင်ဖို့အခွင့်အလမ်း မရှိ ပါ ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။သင်တောကျေး ရွာတွင်လုပ်သားအင်အားရရှိနိုင်မှုအသင့်အတင့်ရှိပါသည်။လယ်ယာနှင့်သားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကိုရောင်းချရန်ဈေးကွက်မရှိပါ။ကုန်ကြမ်းများအသင့်အတင့်ရှိသော် လည်း နည်းပညာ၊လမ်းပန်းဆက်သွယ်ရေးနှင့်ပစ္စည်းများအရည်အသွေးအားနည်းနေမှုကြောင့် ဈေးကောင်း မရပါ ။စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအသက်မွေးပညာတတ်မြောက်သူမရှိသလောက်နဲပါးပါ သည်။ချေးငွေများမှာစိုက်ပျိုးရေးချေးငွေအစိုးရစိုက်ဘဏ်ချေးငွေတစ်မျိုးတည်းသာရှိပြီးပြင်ပအဖွဲ့ အစည်းနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများမှချေးငွေများမရရှိသောကြောင့်အရင်အနှီးချေးငွေများလိုအပ် နေကြောင်းလေ့လာတွေ့ရှိရပါသည်။အသေးစားအလတ်စားစီပွါးရေးဆိုင်ရာဝန်ဆောင်မှုများမရှိပါ။ ကျေးရွာတွင်အခြားစီးပွါရေးလုပ်ငန်းရှင်များမရှိ၍အလုပ်အကိုင်အခွင့်အလမ်းနည်းပါသည်။သင်တော ကျေးရွာတွင်စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာလက်သ မား၊ပန်းရံလုပ်ငန်း၊စက်ချုပ်လုပ်ငန်းဆံပင်ညှပ်လုပ်ငန်းများလုပ်ကိုင်ကြပါသည်။အခြားဝင်ငွေရအ လုပ်အကိုင်များအဖြစ်ကောက်စိုက်၊စပါးရိတ်၊ပျိုးနှုတ်ပေါင်းမြက်နှုတ်ခြင်းပေါင်းထိုးခြင်း၊သရင်းငှား

လိုက်ခြင်းစသည့်နေ့စားကျပန်းများလုပ်ကိုင်၍အသက်မွေးဝမ်းကြောင်းပြုနေသူများလည်းရှိပါသည်။ကျွန်တော်တို့ရွာရှိအခြေခံပညာမူလတန်းကျောင်းမှအောင်မြင်သူများသည်ရွာနှင့်ဘမိုင်ခန့်အကွာရှိကျိုးထောင်အ.ထ.ကကျောင်းသို့သွားရောက်ပညာသင်ကြပါသည်။ရွာရှိ(၄)တန်းအောင်ပြီးလျင်ကျောင်းပညာကိုဆက်လက်တက်ရောက်သူအသင့်အတင့်ရှိပါသည်။ကျောင်းမိဘများ၏ ငွေကြေးအင်အားနှင့်အဆောင်စရိတ်ထမင်းစရိတ်အစရှိသောကုန်ကျစရိတ်များမတတ်နိုင်ခြင်း၊အဆင့်မြင့်ကျောင်း(မြို့ပေါ်စာသင်ဝိုင်း)သို့သွားရောက်ပညာသင်ယူရန်ဝေးလံခြင်းတို့ကြောင့်အိမ်၏မိရိုးဖလာစီးပွါရေးလုပ်ငန်းဖြစ်သည့်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်များတွင်သာကူညီလုပ်ကိုင်ရင်းကုန်ဆုံးရပါသည်။ရွာတွင်လည်းပညာတတ်နည်း၍အသိပညာ၊အတတ်ပညာနှင့်အသိဉာဏ်ပညာ၊ဗဟုသုတများနဲပါးလှပါသည်။

(ဃ)ရွှေ့ပြောင်းလုပ်သားများ။ ။ကျေးရွာတွင်မိုးရာသီ၌ကောက်စိုက်ချိန်နှင့်စပါးရိတ်ချိန်များတွင်အလုပ်အကိုင်ရှိပြီး၊နမ်းမျိုးများကို အချို့မှစိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ငွေလိုလျှင် စပါး နှမ်းများကိုရောင်းချသုံးစွဲကြသောကြောင့်အိမ်ထောင်စုများသည် နောက်ပိုင်းတွင် ဝမ်းစာမရှိသောအချိန်များတွင်စပါးတိုးငွေတိုးများကိုအတိုးဖြင့်ချေးယူစာသုံးကြပါသည်။အခြားနေရာမြို့ရွာများဝင်ငွေရနိုင်သော၊အလုပ်အကိုင်ရနိုင်သောနေရာများရွှေတွင်နန်းခမ်းကျောက်ပါးစပ်၊ဖားကန့်၊လမ်းခင်းကျောက်ထုတ်လုပ်သောကျောက်ကျင်း၊မြစ်ကြီးနားရှိငှက်ပျောဒိုင်းစသဖြင့်သွားလာလုပ်ကိုင်ကြပါသည်။အခြားနေရာမြို့ရွာများသို့သွားရောက်လုပ်ကိုင်သောအိမ်ထောင်စု၂၈အိမ်ရှိပါသည်။ကျား၁၆ဦး၊မ၁၂၊ပေါင်း၂၈ဦးရှိပြီး၊အလုပ်အကိုင်အခွင့်အလမ်းမရှိသောကြောင့်ဝင်ငွေရနိုင်သောနေရာများသို့သွာရောက်လုပ်ကိုင်ကြပါသည်။အခြားနေရာများသို့သွားရောက်လုပ်ကိုင်ကြသူများအားလုံးပြည်တွင်း၌သာသွာလာလုပ်ကိုင်ကြသည်ကိုတွေ့ရှိရပါသည်။မြေပိုင်ယာပိုင်မရှိသူများသည်စပါးရိတ်၊ကောက်စိုက်၊ပျိုးနုတ်၊အခြားကျပန်း၊ကြုံရာကျပန်းရရာအလုပ်များလုပ်ကိုင်ခြင်းဖြင့်အသက်မွေးကြပါသည်။

(c) ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက်။ ။အနီးဆုံးစျေးမှာရွာနှင့်(၁)အကွာရှိကျိုးတောင်စျေးသို့လည်းကောင်း၊ရွာနှင့်(၁၀)မိုင်အကွာရှိဝန်းသိုမြို့မစျေးသို့လည်းကောင်သွာရောက်ဝယ်ယူကြပါသည်။သယ်ယူပို့ဆောင်ရေးနည်းမှာ၊ဆိုင်ကယ်၊သုံးဘီးတို့နှင့်သွာလာကြပါသည်။ကျိုးတောင်စျေးတွင်ကုန်စိမ်း၊ကုန်ခြောက်နှင့်မီးဖိုချောင်သုံးပစ္စည်းများ၊အဝတ်အထည်များ,ဆောက်လုပ်ရေးပစ္စည်းများရရှိနိုင်ပါသည်။စျေးအခြေခံအဆောက်အဦးမှာအုတ်၊သွပ်မိုးတို့ဖြင့်တည်ဆောက်ထားပါသည်။ဝန်းသိုစျေးတွင်မီးဖိုချောင်သုံးပစ္စည်းနှင့်အိမ်သုံးပစ္စည်းအဝတ်အထည်ဆောက်လုပ်ရေးပစ္စည်းများ၊ရရှိနိုင်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ကျန်တော်တို့ရွာရှိတောင်သူလယ်သမားများသည်မြန်မာ့လယ်ရာစိုက်ပျိုးရေးဘဏ်မှချေးငွေရရှိပါသည်။ဥလမှဖြလအတွင်းကာလတို ချေး

ငွေဖြစ်၍တောင်သူများသီးနှံထွက်နှုံးနဲ့၍ဝင်ငွေနဲ့သောအခက်အခဲကြောင့်အချိန်နောက်ကျမှဆပ်နိုင်ကြပါသည်။မြန်မာ့စိုက်ပျိုးရေးဘဏ်အတိုးနှုန်းမှာ(၂%)သာဖြစ်ပါသည်။လယ်ဂရန်များကိုအပေါင်ခံပစ္စည်းအဖြစ်တင်ပြနိုင်မှသာချေးယူခွင့်ရရှိသည်။ရရှိလာသောစပါးများသည်မျိုးကောင်းမျိုးသန့်မဟုတ်သဖြင့်အရည်အသွေးမမှီခြင်း၊ဈေးကောင်းမရခြင်း၊ရောင်းရငွေပမာဏနည်းခြင်းတို့ကြုံတွေ့ရပါသည်။သမဝါယမဌာနမှလုပ်ငန်းမှတည်ရင်းနှီးငွေများလည်းအနည်ငယ်ထုတ်ချေးပေးပါသည်။လယ်ယာသုံးထွန်စက်များ၊ဆိုင်ကယ်များလည်းအရစ်ကျပေးချေစနစ်ဖြင့်ရောင်းချပေးပါသည်။သင်တောကျေးရွာသည်မော်နိုင်းအုပ်စုတွင်တည်ရှိသည်။မော်နိုင်းအုပ်စုတွင်ဈေးသစ်ကျေးရွာ၊မော်နိုင်းကျေးရွာ၊အင်ပင်ကျေးရွာ၊မှန်ကန်ကျေးရွာ၊ဘင်္ဂံကျေးရွာ၊ရွာသာယာကျေးရွာ၊သင်တောကျေးရွာ၊နောင်ကွင်းကျေးရွာဟူ၍ရွာ(၄)ရွာပါရှိပြီးစိုက်ပျိုးရေးဘဏ်မှချေးငွေများကိုစရွာတစ်အုပ်စုလုံးအကြေဆပ်ပြီးမှချေးငွေများကိုထုတ်ပေးလေ့ရှိပါသည်။အလုပ်အကိုင်ရှားပါးချိန်များတွင်အပေါင်ခံပစ္စည်းများဖြင့်ငွေချေးလေ့ရှိပါသည်။အတိုးနှုန်း(၅%)ရှိပါသည်။ဝမ်းစာရေးအတွက်ချေးငွေများကိုကာလတို/ကာလရှည်ယူကြပါသည်။အဓိကပြဿနာမှာအတိုးနှုန်းများသောကြောင့်နေ့စား၊ကျပန်းလုပ်ကိုင်ရသူများအလွန်ပင်အခက်အခဲဖြစ်နေရပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ကျွန်တော်တို့ရွာသည်သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုကြောင့်မြေဆီဩဇာနှင့်အပင်မျိုးစိတ်များ၊ဖျက်ပိုး၊ဖျက်ပိုးအန္တရာယ်များအတွက်အခက်အခဲရှိပါသည်။ဓါတ်မြေဩဇာသုံးစွဲမှုရှိသော်လည်းနည်းပညာမသိသောကြောင့် စနစ်တကျသုံးစွဲမှုမရှိသဖြင့်အန္တရာယ်ရှိသောအခြေအနေရှိပါသည်။သတ္ထုနှင့်အခြားတွင်းထွက်သယံဇာတများမရှိ၍အသုံးမပြုနိုင်ပါ။ကျောက်၊သဲ၊သဲကျောက်များမရှိပါ ။ သဘာဝအပင်မျိုးစိတ်များ ၊နွားစာ၊ဆေးဘက်ဝင်အပင်များအသင့်အတင့်ရှိပြီးဆေးဖက်ဝင်အပင်များတွင်ဝံအူမြစ်,ဖန်းခါးပင်၊ဇီးဖြူပင်၊သက်ရင်းကြီးပင်၊သကြားလန်ဒန်ခေါ်လောက်သေပင်၊ဂုံခါးစသောဆေးဖက်ဝင်အပင်များကိုတွေ့ရှိရပါသည်။။သဘာဝတိရိစ္ဆာန်မျိုးစိတ်များတွင်ယုန်၊ခါ၊ငုံး၊တောကြက်၊ဖွတ်၊ပတပ်၊ငှက်မျိုးအနည်းငယ်တွေ့ရှိရပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။သင်တောကျေးရွာတွင်စာမတတ်သူကျား၂ဦး၊မ၅ဦး၊စုစုပေါင်း(၇)ဦး၊မူလတန်းအဆင့်ရှိသူကျား(၇၁)ယောက်၊မ(၉၇)ယောက်စုစုပေါင်း(၁၆၈)ယောက်ရှိပြီးအလယ်တန်းအဆင့်ရှိသူကျား(၂၉)ယောက်၊မ(၁၉)ယောက်စုစုပေါင်း(၄၈)ယောက်၊ရှိပါသည်။အထက်တန်းအဆင့်ရှိသူကျား(၁၈)ယောက်၊မ(၁၁)ယောက်စုစုပေါင်း(၂၉)ယောက်ရှိပါသည်။တက္ကသိုလ်ကောလိပ်အဆင့်ရှိသူကျား(၁၈)ယာက်၊မ(၂၈)ယောက်၊စုစုပေါင်း(၄၆)ယောက်သာရှိပါသည်။လက်ရှိကျောင်းတက်နေသူမူလတန်းကျောင်းသား၁၃ဦး၊ကျောင်းသူ၁၉ဦးပေါင်း၃၂ဦး။အလယ်တန်းကျား၈ဦး၊မ၁၀ဦးပေါင်း၁၈ဦး၊အထက်တန်းကျား၆၊မ၇ဦးပေါင်း၁၃ဦး၊တက္ကသိုလ်ကောလိပ်အဆင့်ကျား၁၃ဦး၊မ၁၅ဦး၊စုစုပေါင်း၂၈ဦးရှိသည်ဟု လေ့လာတွေ့ရှိရပါသည်။

သင်တောကျေးရွာရှိရွာသားများ၏ကျန်းမာရေးကိုရွာနှင့်ဝမိုင်ခန့်အကွာရှိဂျိုးတောင်ကျေးရွာဆေးရုံသို့ သွားရောက်ကုသမှုခံယူကြပါသည်။ရွာရှိကိုယ်ဝန်ဆောင်မိခင်များမွေးကင်းစကလေးငယ်များကိုဆေးခင်းခုံကျေးလက်ဆေးပေးခန်ရှိတာဝန်ကျဆရာမမှကာကွယ်ဆေးများထိုးပေးခြင်း၊မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုများကကိုတာဝန်ယူဆောင်ရွက်ပေးပါသည်။ကျေးလက်ကျန်းမာရေးဌာနသို့ ရွာမှ(၁)မိုင်ခန့်ဝေး၍ဆိုင်ကယ်၊သုံးဘီးတို့ဖြင့်သွာလာကြပါသည်။ဝန်းသိုမြို့နယ်ဆေးရုံသို့ဂမိုင်ခန့်ကွာဝေးပါသည်။ရွာထဲနှင့်အနီးအနားတွင်ဆေးဆိုင်မရှိသောကြောင့်ကျန်းမာရေးမကောင်းလျင်အခက်အခဲများကြုံတွေ့ရပါသည်။ကျေးရွာတွင်အရံသားဖွားကျန်းမာရေးဆရာမဦးရှိပြီးရွာကျန်းမာရေးအတွက်အလွန်အားထားရပါသည်။အာဟာရပညာပေးအစီအစဉ်မရှိပါ။မိုးရာသီတွင်လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့်အခက်အခဲအနည်းငယ်ရှိပါသည်။ဤရွာတွင်ဝမ်းပျက်ဝမ်းလျောရောဂါ၊သွေးလွန်တုပ်ကွေး၊ငှက်ဖျားရောဂါနှင့်သွေးတိုးရောဂါများကျေးရွာတွင်အဖြစ်များပါသည်။ကျန်သောရောဂါများဖြစ်ပွါးမှုနည်းပြီးအာဟာရချို့တဲ့မှုမရှိပါ။

သင်တောကျေးရွာတွင်ရေတွင်း(၃၁)တွင်းရှိပါသည်။ရွာသားများအားလုံးထိုရေတွင်းမှမျှဝေသုံးစွဲကြပါသည်။နွေရာသီတွင်ရေတွင်းများခမ်းသဖြင့်သောက်သုံးရေမလုံလောက်ပါ။ရွာတွင်သောက်သုံးမလုံလောက်သဖြင့်စက်ရေတွင်း၁တွင်းထပ်တူးထားပါသည်။ယခုအခါထိုရေတွင်းမှရေပိုက်နှင့်သွယ်ယူ၍ရေစုကန်သို့သွယ်ယူသိုလှောင်ကာအိမ်တိုင်ရာရောက်ရေသွယ်စနစ်ပြုလုပ်ထားပါသည်။ဤရွာတွင်အိမ်တိုင်းယင်လုံအိမ်သာသုံစွဲကြပါသည်။အိမ်သာမရှိသောအိမ်ထောင်စုမရှိပါ။ကျေးရွာမှစွန့်ပစ်အမှိုက်များကိုစွန့်ပစ်ရန်နေရာသတ်မှတ်သောနေရာသို့စနစ်တကျစွန့်ပစ်ကြပါသည်။

(စျ)အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု(လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး) ။ ။သင်တောကျေးရွာတွင်ရွာတွင်းလမ်းနှင့်ကျေးရွာချင်းဆက်သွယ်သွားလာသောလမ်းများသည်မြေသားလမ်းများဖြစ်၍မိုးရာသီတွင်ရွာထဲလမ်းများနှင့်အဓိကလမ်းမကြီးသည်လူများ၊ဆိုင်ကယ်များသွားလာရာတွင်ရွံ့ဗွက်များ၊ရွံ့စေးများရှိသဖြင့်သွားလာရေးအလွန်ခက်ခဲလျှက်ရှိပါသည်။ပွင့်လင်းရာသီတွင်လည်းမိုးများထားသောကြောင့်ရေတိုက်စားခြင်း၊ချိုင့်ခွက်များရှိကာတစ်ရွာမှတစ်ရွာသို့သွားလာရာတွင်ကြန့်ကြာမှုများရှိပါသည်။ရွာတွင်းလမ်းနှင့်ကျေးရွာချင်းဆက်လမ်းများအားကျင်းလမ်းအဖြစ်အဆင့်မြှင့်တင်ဆောက်ရွက်ပေးစေလိုပါသည်။

ဤရွာတွင်သစ်သားတံတား(၂)စင်းရှိ၍(၁။အလျားခုဝပေ၊အနံ၁၅ဝပေ၊အမြင့်၁၂ပေ၊၂။အလျားခုဝပေ၊အနံ၁ဝပေ၊အမြင့်၂ပေ။ဤတံတားများသည်လွန်ခဲ့သော(၅)နှစ်ကျော်ကကိုယ်ထူကိုယ်ထတည်ဆောက်ထားသောတံတားဖြစ်၍သွားလာရာတွင်အဆင်ပြေရုံလောက်သာရှိပြီးခိုင်ခံမှုမရှိသောသစ်သားတံတားများသာဖြစ်ပါသည်။ယခုအခါတံတားသည်အိုမင်းဟောင်းနွမ်းနေပြီးကျောင်းသားများ၊ရွာသားများတစ်ရွာနှင့်တစ်ရွာကူးသန်းသွားလာရာ၌၎င်း၊ဆိုင်ကယ်မောင်းသူတို့သည်ဖြတ်သန်းသွားလာ

ရာတွင်အန္တရာယ်များလှပါသည်။ရွာ၏သယ်ယူပို့ဆောင်ရေးမှာဆိုင်ကယ်၊နွားလှည်း၊သုံးဘီးကားတို့ကို အသုံးပြုကြပါသည်။ဤရွာရှိလမ်းများသည်မြေသားလမ်းဖြစ်သဖြင့်ပွင့်လင်းရာသီမှာသာအသုံးပြုနိုင်ပါသည်။မိုးရာသီတွင်လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့်နွားလှည်းနှင့်ဆိုင်ကယ်တို့ကို သာအများဆုံးအသုံးပြုရပါသည်။ယာဉ်ပျက်စီးမှုများရှိသဖြင့်ကျေးရွာတွင်ဆိုင်ကယ်ပြင်သင်တန်းများဖွင့်လှစ်ပေးစေလိုပါသည်။

သင်တောကျေးရွာတွင်လျှပ်စစ်မီးရရှိမှုအခြေအနေမှာလျှပ်စစ်ဓါတ်အားလိုင်းရှိသောလည်းမီးအားအဝင်နဲခြင်း၊လိုင်းကြိုးများဟောင်းနွမ်းနေခြင်း၊မီးတိုင်များသည်သစ်သာမီးတိုင်များဖြစ်ပြီးတိုင်များဆွေးနေသောကြောင့်မီးလုံးများသည်ခရမ်းချဉ်သီးသာသာသာလင်းပါသည်။ထို့ကြောင်ကျေးရွာပိုင်ထရန်စဖော်မာပြုလုပ်ထားပါသည်။ဆိုလာစနစ်အသုံးပြုသောအိမ်(၇)အိမ်၊လျှပ်စစ်မီးရှိသောအိမ်(၄၆)မီးမလင်းသည့်အိမ်(၈)အိမ်ရှိပါသည်။ထိုအိမ်များသည်ဆိုလာမီးနှင့်ဖယောင်းတိုင်မီးနှင့်ရေနံဆီမီးအိမ်များကိုသာအသုံးပြုကြပါ သည်။ရွာရှိကျောင်းသားလူငယ်များသည်အားနည်းသောလျှပ်စစ်မီးဆိုလာမီး၊ဖယောင်းတိုင်မီးတို့နှင့်သာပညာဆည်းပူးကြရပါသည်။ကျေးရွာဆက်သွယ်ရေးတွင်ဖုန်း(၉၆)လုံး၊ရေဒီယို၂လုံး၊တီဗွီ(၃၉)လုံး၊ဂြိုတုစလောင်း(၃၇)ခုရှိပါသည်။ရွာအနီးတဝိုက်တွင်ဖုန်းတာဝါတိုင်မရှိပါ ။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။သင်တောကျေးရွာရှိလူငယ်မောင်မယ်များသည်ပျော်ပွဲရွှင်ပွဲများသွားလာရန်မရှိသလောက်နည်းပါသည်။စိတ်အနားယူအပန်းဖြေစရာနေရာသည်ရွာ၏တောတောင်သဘာဝရှုခင်းများနှင့်လယ်ကွင်းများသာဖြစ်သည်။လူငယ်လူရွယ်များသည်လူမှုရေးလုပ်ငန်းများနှင့်ဘာသာရေးလုပ်ငန်းတွင်ထင်းတိုက်၊ရေခပ်နှင့်ဧည့်ခံကျွေးမွေးရေး၊စားပွဲထိုင်ခုံများသယ်ယူခြင်းအလှူမင်္ဂလာအစုအမှုအတွက်မဏ္ဍပ်များဆောက်လုပ်ခြင်းစသည်တို့တွင်အသင့်အတင့်ပါဝင်ဆောင်ရွက်ကြပါသည်။အမျိုးသမီးများသည်ရွာ၏သာရေးနာရေးများတွင်ချက်ပြုတ်၊ကြွေးမွေးဧည့်ခံခြင်း၊နှင့်ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်စွမ်းနိုင်သ၍ပါဝင်ဆောင်ရွက်ကြပါသည်။ရိုးရာဓလေ့ထုံးစံများယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ခြင်းတို့တွင်ပါဝင်မှုအားများပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ကျေးရွာတွင်လူငယ်များသည်လူငယ်များအနားယူအပန်းဖြေစရာပန်းခြံ၊စာကြည့်တိုက်များ၊လူငယ်ရိပ်သာများမရှိခြင်းတို့ကြောင့်လူငယ်များလေ့လာမှုအားနည်းနေပါသည်။အသိပညာ၊ဗဟုသုတ၊စဉ်စားချင့်ချိန်နိုင်စွမ်းအားနည်းသဖြင့်မူးယစ်ဆေးဝါးများကိုသုံးစွဲလာကြပြီးရွာသည်မဖွံ့ဖြိုးတော့ပဲဆင်းရဲလာကြပါသည်။လူငယ်များသည်မိဘလက်ငုတ်လက်ရင်းဖြစ်သောလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင်ကြပြီးစားဝတ်နေရေးကိုဖြည့်တင်းကြပါသည်။ရွာတွင်လက်မှုပညာတတ်မြောက်သူနှင့်အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်သူမရှိသောကြောင့်လူငယ်များပျက်စီးလေလွင့်ကြရပါသည်။ရွာရှိလူငယ်များကိုပြင်ပအဖွဲ့စည်းများနှင့်အ

စိုးရအဖွဲ့အစည်းများမှအသိပညာ၊အတတ်ပညာသင်တန်းပို့ချမှုနှင့်အခြားဂန်ဆောင်မှုများရရှိလျှင် အဖိုးတန်သောလူငယ်များပေါ်ထွက်လာမည် ဖြစ်သည်။

(၄) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။။ရွာ၏လုံခြုံရေးအခြေအနေမှာအသင့်အတင့် သာရှိသည်။ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာအထောက်အကူပြုအ ဆောက်အဦးများမရှိသဖြင့်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များမရရှိပါ။အာမခံလုပ်ငန်းများ ၊လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များမရှိပါ။မြို့နယ်ရဲတပ်ဖွဲ့မှမှုခင်းကာကွယ် တားဆီးလျော့ချရေးအတွက်ပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်းမရှိပါ။သည်။ကျေးရွာတွင်မူးယစ် ဆေးဝါးသုံးစွဲသူများအနဲငယ်ရှိပါသည်။လူကုန်ကူးမှုနှင့်အကြမ်းဖက်လုယက်မှုများမရှိ ပါ ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အ တားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးမှုကိုအထောက်အပံ့ဖြစ်သောအခြေအနေကောင်းများ၊ကျေးရွာဖွံ့ဖြိုးတိုး တက်စေရန်အထောက်အပံ့ဖြစ်စေသောအခြေအနကောင်းများအသင့်အတင့်ရှိပါသည်။ရွာရှိကြီးလူ ငယ်ရွာသူရွာသားများသည်ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကိုတက်တက်ကြွကြွပါဝင်လုပ်ဆောင်ကြပါ သည်။စိုက်ပျိုးရေးအတွက်လယ်ယာမြေများရှိပြီးမြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်အသင့်အတင့်ရရှိနိုင်သောတမြေသားရေကန်ဒခုရှိပါသည်။စိုက်ပျိုးရေး၊မွေးမြူရေး သစ်တောထွက်ပစ္စည်းများ၊သဘာဝသဘာဝဆေးဘက်ဝအပင်များအသင့်အတင့်ရရှိနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

သင်တောကျေးရွာတွင်တမြေသားရေကန်ရှိသော်လည်း၊မြေသားနံရံများပြိုခြင်း၊ကန်ကောနေခြင်းတို့ကြောင့် ရေကိုသိုလှောင်မထားနိုင်ခြင်းသဖြင့်မိုးရေကိုသမ့ီခိုအားထား၍စိုက်ပျိုးနေရပါသည်။စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများလုပ်ကိုင်နေရသော်လည်းနည်းပညာ၊အသိပညာဗဟုသုတမကျွမ်းကျင်ကြပဲဟုတ်နိုးနိုးဖြင့်လုပ် ကိုင်နေကြပါသည်။မွေးမြူရေးလုပ်ငန်းများကိုတိုးချဲ့လုပ်ကိုင်ရန်မှာလည်းနွေရဥ်သီတွင်သောက်သုံးရေများ ခမ်းသဖြင့်မွေးမြူရေးအတွက်ရေမသုံးနိုင်ခြင်း၊နှင့်အရင်းအနှီးချေးငွေများလိုအပ်နေပါသည်။စိုက်ပျိုးရာသီမှ လွဲ၍အခြားရာသီမှလွဲ၍အခြားရာသီများတွင်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလှပါသည်။စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများလုပ်ကိုင်ရန်အခွင့်အလမ်းရှိသော်လည်းနည်းပညာ၊ဗဟုသုတ၊ချေးငွေ၊ဈေးကွက်များလက် လှမ်းမမီကြပါ။လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့်ထွက်ကုန်များအချိန်မှီဈေးကွက်သို့မတင်ပို့နိုင်သော ကြောင့်ကျေးရွာဖွံ့ဖြိုးရေးအတွက်အဟန့်အတားများဖြစ်နေပါသည်။ရွာရှိလူငယ်၊လူရွယ်အများစုသည်မူးယစ် ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့်စားနပ်ရိက္ခာမဖူလုံခြင်း၊ကူးစက်ရောဂါရရှိသူများပြားလာပြီးဦးဆောင် နိုင်သောအမျိုးသားများနည်းပါးလာခြင်းကြောင့်မြေယာမဲ့ဆင်းရဲသားတောင်သူများ၊လက်လုပ်လက်စားကျ

ပန်းများနှင့်အမျိုးသမီးဦးဆောင်သောဆင်းရဲသားအိမ်ထောင်စုများပေါများလာခြင်းသည်ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေးအတွက်အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာအထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့်

ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ မူလွန်ကျောင်းအဖြစ်တိုးချဲ့ဖွင့်လှစ်နိုင်ရန်ဆောင်ရွက်ခြင်းကျောင်ဆောင်သစ်ဆောက်လုပ်ခြင်း၊စိုက်ပျိုးရေရှိရန်ချောင်းရေကိုတဖက်ပိတ်ဆည်ပြုလုပ်ခြင်း၊ရေသွင်းမြောင်းများတူးဖော်ခြင်းတို့ကိုလုပ်ဆောင်ကြရပါမည်။လူငယ်များအားကစားလုပ်ရှားမှုများပြုလုပ်နိုင်ရန်အားကစားကွင်းပြန်လည်ပြုပြင်တည်ဆောက်ခြင်းပြုလုပ်ပါမည်။ပညာရေး၊ကျန်းမာရေး။ကူသန်းသွာလာရေးအတွက်ကျေးရွာတွင်းလမ်ကျေးရွာခြင်းဆက်လမ်းများကိုအဆင့်မြင့်တင်ခြင်း၊တံတာများတည်ဆောက်ခြင်း၊ သောက်သုံးရေအတွက်စိမ့်စမ်းရေထွက်ပင်ရင်းအားပြုပြင်ခြင်း၊ရေစုကန်တည်ဆောက်ခြင်းများပြုလုပ်သွားခြင်းဖြင့်ကျေးရွာဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဂင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည်ငါးနှစ်တာအတွက်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင်စိစစ်ရွေးချယ် ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော

ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ၄ားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ

အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရ မှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံအဆောက်အဦ	၁။ ရွာတွင်းလမ်းကိုမြေသားလမ်းမှကျောက်ရောမြေလမ်းခင်းခြင်း	၈၆	၁		
	၂။ ရွာခြင်းဆက်လမ်းကိုကျောက်ရောမြေလမ်းခင်းခြင်း	၈၂	၄		
	၃။ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၆၀	၃		
၂။ စိုက်ပျိုးရေး	၃။မြေသားရေကန်ကိုမြေထိန်းနံရံအားကျောက်စီနံရံပြုလုပ်ခြင်း၊ကန်ဆည်ခြင်း၊အလျား ၂၆၀ ပေ၊အနံ ၁၆၀ ပေ၊အနက် ၁၂ ပေ	၆၂	၅		
	၄။စိုက်ပျိုးရေးနည်းပညာရက်တိုသင်တန်း(၁)ရက်သင်တန်းပြုလုပ်ခြင်း	၅၉	၆		
၃။တံတား	၅။ရွာတွင်းတံတား ၂စင်းကိုကွန်ဂရစ်တံတားတည်ဆောက်ခြင်း	၈၄	၂		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင်ဆောင်ရွက်ခြင်း ရွာတွင်းလမ်းကိုမြေသားလမ်းမှကျောက်ရောမြေသာလမ်းခင်းခြင်းလုပ်ငန်း ကျေးရွာခြင်းဆက်လမ်းကိုကျောက်ချောလမ်းအဆင့်မြှင့်တင် ခြင်း	၂ ၄		✓	✓	✓	
၂		၁					✓
